EMReF
Enlightened Myanmar
Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၂၁)၊ ဒီဇင်ဘာ ၂၀ ရက်၊ ၂၀၁၆

## ရန်ကုန်တိုင်းအစိုးရဘတ်ဂျက်တွင် အပြောင်းအလဲများ မတွေ့ရဟု လွှတ်တော်အမတ်များ ဝေဖန်

ဒီဇင်ဘာ ၉ ၊ ၂၀၁၆

ရန်ကုန်တိုင်းဒေသကြီးအစိုးရက လွှတ်တော်သို့ တင်ပြခဲ့သည့် ဘတ်ဂျက်မှာ ယခင်အစိုးရလက်ထက်က ဘတ်ဂျက်နှင့် တူညီနေပြီး အပြောင်းအလဲများကို မတွေ့ရဟု လွှတ်တော်ကိုယ်စားလှယ်များက ဝေဖန်လိုက်သည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွက် ရသုံးမှန်းခြေငွေစာရင်းလျာထားချက်တွင် သုံးငွေအဖြစ် ကျပ် ၄၂၄ ဒသမ ၁ ဘီလျံနှင့် သုံးငွေအဖြစ် ကျပ် ၃၀၂ ဒသမ ၅ ဘီလျံ လျာထားသည်ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရက ဒီဇင်ဘာ ၈ ရက်နေ့တွင် လွှတ်တော်သို့ တင်သွင်းခဲ့သည်။ လိုငွေ ကျပ် ၁၂၁ ဒသမ ၆ ဘီလျံကိုမူ ကောက်ခံရရှိမည့် အခွန်များဖြင့် ဖြည့်ဆည်းသွားမည်ဟု ဖော်ပြထားသည်။

အဆိုပါ ဘတ်ဂျက်လျာထားချက်နှင့် ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ် ၁၉ ဦးက ဆွေးနွေးခဲ့ကြရာတွင် ဘတ်ဂျက်နှင့်ပတ်သက်ပြီး လေ့လာရန် အချိန်လုံလောက်စွာ မရရှိခြင်းအပါအဝင် မလိုအပ်သည့် စီမံကိန်းများပါဝင်နေမှုကို ကိုယ်စားလှယ်အများစုက ဝေဖန်ခဲ့ကြခြင်းဖြစ်သည်။

**ဦးနေဘုန်းလတ် (သဃ်န်းကျွန်းမဲဆန္ဒနယ် ၁)**

"လက်ရှိအစိုးရရဲ့ ဘတ်ဂျက်ပုံစံနဲ့ ယခင်အစိုးရရဲ့ ဘတ်ဂျက်က တစ်ပုံစံတည်းဖြစ်နေတယ်။ ယခု ဘတ်ဂျက်မှာလည်းပဲ အရင်နှစ်နည်းတူ ဂေါက်ကွင်းတွေ ပါနေသေးတယ်။ ပြီးတော့ တံတားတည်ဆောက်ဖို့ ငွေတွေ တောင်းခံချက်တွေကလည်း အရင်နှစ်တွေထက် အများကြီး ကွာဟနေတာကို တွေ့ရပါတယ်။အစိုးရသစ်ရဲ့ ပြောင်းလဲချိန်တန်ပြီဆိုတဲ့မူဝါဒနဲ့ ကျွန်တော်တို့တွေ ရွေးကောက်ပွဲဝင်ခဲ့ကြတယ်။ အစိုးရရဲ့ အဓိက မူဝါဒအရ ပြည်သူကို ကိုယ်စားပြုတဲ့စနစ်နဲ့ သွားနေတယ်။ ဒါပေမယ့် ခုရေးဆွဲတဲ့ ကိစ္စမှာတော့ ပြည်သူမပြောနဲ့ လွှတ်တော်ထဲက လွှတ်တော်ကိုယ်စားလှယ်ကိုတောင် ကိုယ်စားမပြုနိုင်ဘူး။ လွှတ်တော်ထဲက လွှတ်တော်ကိုယ်စားလှယ်တွေရဲ့အနေအထားကိုတောင် မေးမှိန်ရာ ရောက်စေတယ်။ ကိုယ်စားလှယ်တွေနဲ့ အတူ အားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်မှုနဲ့ ရေးဆွဲတဲ့ ဘတ်ဂျက်ဖြစ်ဖို့လိုပါတယ်။ ပြီးတော့ ဘတ်ဂျက်ကိုကြည့်ရင် နိုင်ငံတစ်နိုင်ငံရဲ့အစိုးရက ဘယ်လိုအစိုးရလဲဆိုတာ သိရပါတယ်။ လက်ရှိအစိုးရအနေနဲ့ ယခင်အစိုးရရဲ့ ဘတ်ဂျက်ပုံစံအတိုင်းသာ ရှိနေဆဲဆိုရင် သိက္ခာကျပါတယ်။"

**ဒေါ်ကြည်ပြာ (ကျောက်တံတားမဲဆန္ဒနယ် ၁)**

"တစ်ချို့နေရာတွေမှာ ဘတ်ဂျက်ငွေနဲ့ ပတ်သက်လို့ ထပ်ကာတစ်လဲလဲ ပါနေပါတယ်။ ပြီးတော့ စာရင်းစစ်ချုပ်ရုံးရဲ့ ဘတ်ဂျက်ငွေထဲမှာ မနှစ်က ကော်ပီစက်ရှစ်လုံးဝယ်ထားပြီးသော်လည်း၊ ဒီနှစ်ဘက်ဂျက်ထဲတွင် ၄၂ လုံး ထပ်ပါနေပါတယ်။ ၎င်းငွေတွေဟာ ပြည်သူများ၏ ငွေဖြစ်တဲ့အတွက်ကြောင့် ချိန်ဆပြီး လုပ်စေလိုပါတယ်။ ကျွန်မတို့မြို့နယ်မှာ စည်ပင်ဝန်ထမ်းအိမ်ရာ မရှိသလို အိမ်သာလည်းတစ်လုံးမှ မရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီမိုကရေစီနိုင်ငံအနေနဲ့ ပြည်သူများကို ဘတ်ဂျက်ငွေနဲ့ပတ်သက်လို့ ပွင့်ပွင့်လင်းလင်း ချပြသင့်ပါတယ်။"

*(ကိုးကား - http://frontiermyanmar.net/mm/news/3509 မှ ကောက်နုတ်တင်ပြသည်။)*



## ကရင်ပြည်နယ် လွှတ်တော်တွင် ၂၀၁၇-၂၀၁၈ ဘတ်ဂျက် လျာထားမှုအား အတည်ပြု

ဒီဇင်ဘာ ၉ ၊ ၂၀၁၆

ဒုတိယအကြိမ် ကရင်ပြည်နယ် လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို (၉-၁၂-၂၀၁၆)ရက်နေ့၊ (၁၃:၀၀)နာရီအချိန်တွင် ကရင်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် "၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ရသုံးမှန်းခြေငွေစာရင်းလျာထားချက်"အား အတည်ပြုပေးနိုင်ရန်အတွက် ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းနိုင်က အဆိုတင်သွင်းခဲ့သည်။ ထို့နောက် ဖာပွန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောဝင်းထိန်က ထောက်ခံဆွေးနွေးခဲ့ပြီး ယင်းငွေစာရင်းလျာထားချက်ကို အတည်ပြုရန် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူခဲ့သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူညီကြသည့်အတွက် "၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ရသုံးမှန်းခြေငွေစာရင်းလျာထားချက်"အား ပြည်နယ်လွှတ်တော်မှ အတည်ပြုခဲ့ကြောင်း သိရသည်။

*(ကိုးကား - Kayin State Hluttaw Facebook Page မှ ကောက်နုတ်တင်ပြသည်။)*

# ရခိုင်ပြည်နယ်၏ ၂၀၁၇-၂၀၁၈ ဘတ်ဂျတ် ဒေသဖွံ့ဖြိုးရေးအတွက် ပိုမိုသုံးစွဲရန် လွှတ်တော်တွင် ဆွေးနွေး

ဒီဇင်ဘာလ ၁၂၊ ၂၀၁၆

ရခိုင်ပြည်နယ် လွှတ်တော်အရေးပေါ် အစည်းအဝေး (၂/၂၀၁၆) တတိယနေ့အဖြစ် ဒီဇင်ဘာ ၇ ရက်နေ့တွင် ပြုလုပ်သော ပြည်နယ်လွှတ်တော်တွင် ဘဏ္ဍာငွေအရ အသုံးခန့်မှန်းခြေစာရင်းလျာထားချက်ကို ဆွေးနွေးရာတွင် လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက ဒေသဖွံ့ဖြိုးရေးအတွက် ပိုမိုသုံးစွဲရန် လွှတ်တော်တွင် ဆွေးနွေးအကြံပြုခဲ့သည်။

"ဒေသဖွံ့ဖြိုးရေးအတွက် တိုက်ရိုက်အထောက်အကူပြုနိုင်တဲ့ လမ်းပန်းဆက်သွယ်ရေးအတွက် ဘဏ္ဍာငွေ ခွဲဝေလျာထားမှုဟာ ၂၀ ရာခိုင်နှုန်းသာရှိပြီးတော့ အစိုးရဝန်ထမ်းအိမ်ယာ ဆောက်လုပ်ရေးမှာ ကျပ်သန်း ၁၅၀၀ သုံးစွဲမယ်ဆိုတာ မဖြစ်သင့်ပါဘူး။ ဖြစ်နိုင်မယ်ဆိုရင် လမ်းပန်းဆက်သွယ်ရေးအတွက် ၅၀ ရာခိုင်နှုန်းထိ သုံးသင့်ပြီးတော့ ဝန်ထမ်းအိမ်ယာ ဆောက်လုပ်ရာမှာလည်း နောင်အနာဂတ်အတွက် စနစ်တကျ Plan ချပြီးတော့ လုပ်သင့်ပါတယ်။ အိမ်ယာတွေကိုလည်း တစ်ထပ်ဆောင်မဟုတ်ဘဲ ၃ ထပ်ဆောင်၊ ၄ ထပ်ဆောင် ပုံစံမျိုးဆောက်လုပ်သင့်ပါတယ်"ဟု ဘူးသီးတောင်မဲဆန္ဒ နယ်မှ ကိုယ်စားလှယ် ဦးဇော်ဇော်မြင့်က တင်ပြဆွေးနွေးခဲ့သည်။

ပြည်ထောင်စုမှ ပြည်နယ်အတွက် ဘတ်ဂျက်ချပေးရာတွင် ယင်းပြည်နယ်မှထွက်သည့် သယံဇာတများမှ ရရှိငွေများကိုလည်း ခွဲဝေချပေးသင့်သည်ဟု ဆွေးနွေးခဲ့ကြသည်။

"ယခု ပြည်ထောင်စုက ချပေးလိုက်တဲ့ ဘတ်ဂျတ်ဟာ မြန်မာနိုင်ငံမှာ ဒုတိယအဆင်းရဲဆုံးဖြစ်နေတဲ့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ထိထိရောက်ရောက်လုပ်နိုင်မှာ မဟုတ်ပါဘူး။ ပြည်နယ်အတွက် ဘဏ္ဍာငွေ ချပေးတဲ့အခါမှာ အဲ့ဒီပြည်နယ်က ထွက်တဲ့ သယံဇာတတွေက ရရှိတဲ့ငွေတွေကလည်း ခွဲဝေထည့်ပေးသင့်ပါတယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်း(မြေပုံ ၁)က ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ရခိုင်ပြည်နယ်အစိုးရအတွက် သုံးစွဲရန် လျာထားငွေမှာ ၅၀ ဘီလီယံကျပ်ခန့် ရှိသည်ဟု သိရသည်။

*(ကိုးကား - နိရဉ္စရာ http://burmese.bnionline.net/)*



## သတင်းဓာတ်ပုံ

ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင် ဦးဆောင်သည့်အဖွဲ့သည် ဗန်းမော်မြို့နယ် ဝက်ကုန်း(ရွှေပြည်သာ) အခြေခံပညာ အလယ်တန်းကျောင်းခွဲ တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ထားရှိမှုအား ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။
*(ကိုးကား- Kachin State Hluttaw Facebook Page)*

**ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော်ရေးရာကော်မတီများဖွဲ့စည်းပုံ**

| စဉ် | ရေးရာကော်မတီ | အဖွဲ့ဝင်ဦးရေ | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | လွှတ်တော်ကိုယ်စားလှယ် | တပ်မတော်သားကိုယ်စားလှယ် | ပြင်ပပညာရှင် | |
| ၁။ | လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ | ၅ | ၁ | _ | ၆ |
| ၂။ | ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | ၆ | ၁ | _ | ၇ |
| ၃။ | ဥပဒေပြုရေးဆိုင်ရာကော်မတီ | ၈ | ၁ | _ | ၉ |
| ၄။ | တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ | ၅ | ၁ | _ | ၆ |
| ၅။ | ပြည်သူ့ငွေစာရင်းကော်မတီ | ၈ | ၁ | _ | ၉ |
| ၆။ | တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ | ၁၄ | ၁ | _ | ၁၅ |
| ၇။ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာကော်မတီ | ၈ | ၁ | _ | ၉ |
| ၈။ | ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးကော်မတီ | ၈ | ၁ | _ | ၉ |
| ၉ ။ | သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီ | ၈ | ၁ | _ | ၉ |
| ၁၀။ | စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကော်မတီ | ၈ | ၁ | _ | ၉ |

ကျန်တိုင်းဒေသကြီးလွှတ်တော်ရေးရာကော်မတီများကို ယခင်သတင်းစာစဉ်များတွင် ဖော်ပြပြီးဖြစ်ပါသည်။ အချက်အလက်အရင်းအမြစ်-EMReF

## သတင်းဓာတ်ပုံ




ကယားပြည်နယ်လွှတ်တော် ဒုတိယအကြိမ် အရေးပေါ်အစည်းအဝေး (၂/ ၂၀၁၆) ကို ဒီဇင်ဘာလ ၁၃ ရက်တွင် ကျင်းပနေစဉ်။ *(ကိုးကား - ကယားပြည်နယ်လွှတ်တော် Facebook Page)*

# မန္တလေးတိုင်းဘတ်ဂျက်ကို အနည်းငယ်ပြင်ဆင်ဖြတ်တောက်၍ တိုင်းလွှတ်တော်အတည်ပြု

ဒီဇင်ဘာ ၁၀၊ ၂၀၁၆

လာမည့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွက် အတည်ပြုသုံးစွဲရန် လျာထားသည့် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရ ရသုံးမှန်းခြေစာရင်း(ဘတ်ဂျက်)ကို အနည်းငယ်ပြင်ဆင်ဖြတ်တောက်ကာ တိုင်းလွှတ်တော်က ဒီဇင်ဘာ ၉ ရက်၌ အတည်ပြုခဲ့သည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့က လွှတ်တော်သို့ အတည်ပြုပေးရန် တင်ပြလာသည့် ရသုံးမှန်းခြေငွေစာရင်းပါ လုပ်ငန်းများအနက် စွန့်ရဲအင်းအပါအဝင် စဉ့်ကိုင်မြို့နယ်ရှိ ရေကန်အချို့အား ကျပ် ၃၈,၂၀၀ သိန်းကျော် အကုန်အကျခံကာ ပြုပြင်မည့် လုပ်ငန်းများကို တိုင်းလွှတ်တော်က လုပ်ကိုင်ခြင်းမပြုရန် ဖြတ်တောက်ခဲ့သည်။

ထို့အပြင်မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကျပ်သိန်း ၂,၉၀၀ ကျော် အကုန်အကျခံ၍ အာစီလေးခန်းတွဲ လေးထပ်ပါ တိုင်းရုံးဆောက်လုပ်ရန်နှင့် မော်တော်ယာဉ် ၁၄ စီးဝယ်ယူရန် ကျပ်သိန်း ၂,၈၀၀ တောင်းခံမှုကိုလည်း တိုင်းလွှတ်တော်က ဖြတ်တောက်ခဲ့သည်။ ထို့အပြင် ကျပ်သိန်း ၃၀,၀၀၀ အကုန်အကျခံ၍ ခရိုင်၊ မြို့နယ်စုပေါင်းရုံးနှစ်ရုံးတည်ဆောက်ရန် တောင်းခံထားမှုကိုလည်း တိုင်းလွှတ်တော်က ဖြတ်တောက်ခဲ့ပြီး ယင်းဘဏ္ဍာငွေများကို အများပြည်သူအတွက် အကျိုးရှိမည့်လုပ်ငန်းများတွင် ပြောင်းလဲသုံးစွဲရန် လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

"ဒေသဖွံ့ဖြိုးရေးအတွက် သုံးစွဲမယ့် ဘဏ္ဍာငွေက အရမ်းနည်းနေတယ်။ ဌာနတွင်းမှာ မဖြစ်မနေ လိုအပ်တယ်ဆိုရင်တော့ သုံးစွဲရမှာပေါ့။ အခုဟာက ရုံးတွေကလည်း ရှိတယ်။ ယာဉ်ဆိုရင်လည်း ရှိသင့်သလောက် ရှိထားတယ်။ လက်ရှိအခြေအနေအရလည်း လည်ပတ်လို့ရနေတယ်။ ဒီအချိန်မှာ ငွေကြေးကုန်ကျမှုများမယ့် အဆောက်အအုံကြီးတွေ တည်ဆောက်တာမျိုးမဟုတ်ဘဲနဲ့ တခြားမဖြစ်မနေလိုအပ်တဲ့ အများပြည်သူအတွက် အကျိုးပြုမယ့်နေရာတွေမှာ ပိုသုံးဖို့အတွက် ဆုံးဖြတ်တာဖြစ်ပါတယ်"ဟု ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ကိုယ်စားလှယ် ဦးမြင့်အောင်မိုးကပြောသည်။

သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်များ လေ့လာစိစစ်ချိန် သုံးရက်သာရရှိခြင်းနှင့် အသေးစိတ်အချက်အလက်များ မသိရှိရဘဲ အတည်ပြုရသည့်အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဝေဖန်ခဲ့ပါသည်။

*(ကိုးကား- www.7daydaily.com မှကောက်နုတ်တင်ပြသည်။)*

# မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပထမ ၆ လပတ် အစီရင်ခံစာ ပြန်လည်ပြင်ဆင်ရေးသားရန် လွှတ်တော်ဆုံးဖြတ်

ဒီဇင်ဘာလ ၁၅၊ ၂၀၁၆

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ပထမ (၆) လပတ်အစီရင်ခံစာ၌ ထည့်သွင်းဖော်ပြထားသည့် အချက်အလက်အများစုတွင် လွဲချော်မှုများရှိနေကြောင်း လွှတ်တော်ကိုယ်စားလှယ်များမှ သုံးသပ်ထားသဖြင့် ၎င်းအစီရင်ခံစာကို စိစစ်ပြင်ဆင်ရေးဆွဲပြီး ပြန်လည်တင်ပြပေးရန် ဒုတိယကြိမ် မွန်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ကျင်းပသည့် ဒီဇင်ဘာ ၁၄ ရက်နေ့တွင် လွှတ်တော်မှဆုံးဖြတ်ခဲ့သည်။

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပထမ ၆ လပတ် (ဧပြီလမှ စက်တင်ဘာလအထိ) အစီရင်ခံစာတွင် အဓိကကွဲလွဲမှုရှိနေသည့် မွန်ပြည်နယ်ရှိ ကျေးရွာအုပ်စု ၃၄၁ အုပ်စုတွင် ခိုင်းကျွဲ၊ ခိုင်းနွား ၆ သိန်း ၅ သောင်း ရှိနေသည်မှာ ကိန်းဂဏန်းကွဲလွဲမှုရှိနေခြင်း၊ နယ်စပ်ရေးရာ-နတလ ဘတ်ဂျက်နှင့်ပတ်သက်၍ လမ်း၊ တံတား ဆောင်ရွက်ပြီးစီးမှုအခြေအနေမှာလည်း အစီရင်ခံစာတွင် ထည့်သွင်းထားမှုမရှိခြင်း၊ ပြည်သူများနားမလည်နိုင်သည့် အသုံးအနှုန်းဖော်ပြထားခြင်းစသည့် အချက်များကြောင့် လွှတ်တော်ကိုယ်စားလှယ်များက ထောက်ပြပြောကြားခဲ့ခြင်း ဖြစ်သည်။

ကျိုက်ထိုအမှတ်(၂) မဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဒေါက်တာအေးဇံက "ဒီအစိုးရအစီရင်ခံစာ လေ့လာကြည့်တဲ့အခါကျတော့ စီးပွားရေးကဏ္ဍအနေနဲ့ ပြောရမယ်ဆိုရင် ကျွန်တော်တို့ပြည်နယ်မှာ လယ်ဧက ၇ သောင်းကျော် လယ်ယာစိုက်ပျိုးနေတာ တွေ့ရပါတယ်၊ ဒါကတော့ မှန်ကန်တဲ့အခြေအနေဖြစ်ပါတယ်။ ဒါပေမယ့် ခိုင်းကျွဲ၊ ခိုင်းနွားကိစ္စမှာ ခိုင်းကျွဲဆိုရင် ၁ သိန်းလောက်ရှိပြီးတော့ ခိုင်းနွားဆိုရင် ၅ သိန်း ၅ သောင်းလောက်ရှိတယ်၊ အစီရင်ခံစာအရဆိုရင် ၆ သိန်း ၅ သောင်းလောက် ရှိမယ်၊ ဒါကတော့ မြေပြင်အခြေအနေနဲ့ ဘယ်လိုမှကိုက်ညီမှုမရှိတဲ့ အခြေအနေဖြစ်နေတယ်" ဟု ပြောသည်။

"ဒီ (၆) လပတ် အစီရင်ခံစာကလည်း ရှေးတုန်းက အစီရင်ခံစာနဲ့ အချက်အလက်အပေါ် အခြေခံထားတဲ့ သဘောရှိပါတယ်၊ အစီရင်ခံစာမှာ အချက်အလက်လွဲချော်နေတာကလည်း ပြန်လည်စိစစ်ပြီးတော့မှ ပြောနိုင်မယ်"ဟု ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးထွန်းဒွေးက ပြောသည်။ အစီရင်ခံစာကို ပြန်လည်မစိစစ်ရသေးသည့်အတွက် မည်မျှလွဲချော်မှုမည်မျှရှိသည်ကို မပြောနိုင်သေးကြောင်း၊ အစိုးရသစ်သက်တမ်းတွင် အခြေခံကျသည့် ကိန်းဂဏန်းအချက်လက်ဖြစ်အောင် ပြန်လည်စိစစ်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

*(ကိုးကား - မွန်သတင်းအေဂျင်စီ http://burmese.bnionline.net/)*